**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

အမိန့်ကြော်ငြာစာ အမှတ် ( ၁၁၀ /၂၀၂၁)

ရန်ကုန်၊ ၁၃၈၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ**

**သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေများ ယာယီကင်းလွတ်ခွင့်ပြုခြင်း**

၁။ နိုင်ငံ၏ လတ်တလော အခြေအနေအရ အင်တာနက်နှင့် ဘဏ်ဝန်ဆောင်မှုများ အခက်အခဲ ဖြစ်ပေါ်နေခြင်းကြောင့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၂၀၁၇၊ ပုဒ်မ ၄၆၂ (က)(၂) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီများ၏ နှစ်စဉ်အစီရင်ခံစာ တင်သွင်းခြင်းအတွက် နောက်ကျကြေးများ ပေးဆောင်မှုကို အောက်ပါ အတိုင်း ယာယီ ကင်းလွတ်ခွင့်ပြုလိုက်သည် -

| စဉ် | ပုံစံအမျိုးအစား | ကင်းလွတ်ခွင့်ပြုလိုက်သည့် ကာလ |
|---|---|---|
| (က) | နှစ်စဉ်အစီရင်ခံစာ (ပုဒ်မ ၉၇) | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ |
| (ခ) | ပြည်ပကော်ပိုရေးရှင်း၏နှစ်စဉ်အစီရင်ခံစာ (ပုဒ်မ ၅၃ (က)(၁)) | |

၂။ ကုမ္ပဏီများအနေဖြင့် နှစ်စဉ်အစီရင်ခံစာများအတွက် ပေးဆောင်ရမည့် သတ်မှတ်အခကြေးငွေများကို အစီရင်ခံစာ တင်သွင်းချိန်တွင် ပေးဆောင်ရမည်ဖြစ်ပြီး နောက်ကျကြေးကိုသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်ပါသည်။

သန့်စင်လွင်

ညွှန်ကြားရေးမှူးချုပ်

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၂၂/ ၄၀ / ၀၂ ( ၀၀၉၁ /၂၀၂၁)

ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စု တရားလွှတ်တော်ချုပ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး

ရုံးလက်ခံ/ မျှောစာတွဲ